Embassy of the Republic of the Union of Myanmar
47 avenue Blanc, 1202 Geneva, Switzerland
Tel. (+41-22)906-9870, 906-9871/ Fax. (+41-22)732-8919
E-mail : mission@myanmargeneva.org

# ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံမည့် အစီအစဉ်အား အသိပေးကြေညာချက်

၁။ ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ၏ ပြည်ပတွင် ရရှိ သည့် လစာဝင်ငွေအပေါ် ၁-၁၀-၂၀၂၃ ရက်နေ့မှ စတင်၍ ဝင်ငွေခွန်များ ထမ်းဆောင်ရမည် ဖြစ် ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၂-၁၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၂၃ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိပြီး အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ အနေဖြင့် မိမိတို့ရရှိသည့် လစာဝင်ငွေ၏ ၂% နှင့်ညီမျှသော ပမာဏကို လစဉ်ဝင်ငွေခွန်အဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၃။ ဆွစ်ဇာလန်နိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာသံရုံး၊ ဂျီနီဗာမြို့သို့ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာပြုလုပ်ခြင်း၊ ထောက်ခံစာ ပြုလုပ်ခြင်း အပါအဝင် ကောင်စစ် ဆိုင်ရာ ကိစ္စရပ်များ လာရောက်ဆောင်ရွက်ရာတွင် ဝင်ငွေခွန်ထမ်းဆောင်ခြင်းကိုပါ တစ်ပါတည်း ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ၊ (၃)လတစ်ကြိမ်၊ (၆)လတစ်ကြိမ် ၊ နှစ်စဉ် စသည်ဖြင့် မိမိတို့ ထမ်းဆောင်လိုသည့် ကာလအပိုင်းအခြားအလိုက် ထမ်းဆောင်နိုင်ပြီ ဖြစ်ပါကြောင်း နှင့် နိုင်ငံကူး လက်မှတ် သက်တမ်းတိုးမြှင့်ပြီးသူများအနေဖြင့်လည်း မိမိထမ်းဆောင်လိုသည့်ကာလများအတွက် စတင်ထမ်းဆောင်နိုင်ပြီ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ မြန်မာသံရုံး၊ ဂျီနီဗာမြို့အနေဖြင့် နိုင်ငံတော်သို့ ဝင်ငွေခွန်ထမ်းဆောင်သူများအား QR Code အမှတ်အသားပါ “ဝင်ငွေခွန်ပေးသွင်းမှု အထောက်အထားလက်မှတ်” အား ထုတ်ပေးသွားမည် ဖြစ်ပါ ကြောင်းနှင့် ဝင်ငွေခွန်ထမ်းဆောင်မည့်သူများအနေဖြင့် အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလို ပါက မြန်မာသံရုံး၏ တယ်လီဖုန်းအမှတ် ၀၀၄၁-၂၂-၉၀၆၉၈၇၀ နှင့် cg.consular@myanmargeneva.org သို့ ဆက်သွယ်၍ စုံစမ်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဂျီနီဗာမြို့
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
064
GENEVA